**မိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဒီဇင်ဘာလ ၂၀၁၅

**“ဘုရားသခင်ကြွလာတော်မူမည့်လမ်းကို ပြင်ဆင်ကြလော့၊ ကိုယ်တော်၏လမ်းများကို ဖြောင့်တန်းစေကြလော့” (မာကု၁း၃)**

အဆိုပါနှုတ်တော်ထွက်စကားတို့သည် ကျွန်ုပ်ကိုပြောခဲ့ခြင်းဖြစ်သည်။ သခင်သည်ကြွလာနေပြီဖြစ်၍ သူ့ကိုကြိုဆိုအံ့ငှာ ငါသည်အဆင်သင့်ရှိနေရမည်။ ‘အိုသခင်ယေရှုး၊ ကြွလာတော်မူပါ’ ဟု ငါသည်နေ့စဉ်ဆုတောင်း၏။ ကိုယ်တော်က“ငါသည် ဧကန်မုချ မကြာမီကြွလာမည်ဟု ဆို၏” (ဗျာဒိတ်၂၂း၁၇–၂၀တွင်ရှု)။ ကိုယ်တော်သည် တံခါးရှေ့၌ရပ်၍ ခေါက်လျက်နေ၏။ သူသည်အထဲသို့ဝင်ရန်ခွင့်တောင်းတော်မူသည် (ဗျာဒိတ် ၃း၂၀ တွင်ရှု)။ ငါ၏အသက်တာအပြင်ဘက်တွင် သူ့အားမထားရစ်နိုင်ပါ။

သခင်ခရစ်တော်အားကြိုဆိုခြင်းပြုရန်မှာ ဗတ္တိဇံဆရာယောဟန်ထံမှလာခြင်းဖြစ်သည်။ ယင်းကား သူ့ခေတ်အခါက ဂျူးလူမျိုးတို့အားညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ၄င်းတို့အားအပြစ်များကိုဝန်ချလျက် နောင်တယူကြဖို့၊ ၄င်းတို့၏ အသက်တာများကိုပြောင်းလဲကြဖို့ တိုက်တွန်းခဲ့သည်။ သူက ကယ်တင်ရှင်မေရှိယသည် အမှန်တကယ်ကြွလာတော်မူမည်ကို သေချာပေါက်သိထားသည်။ ရာစုနှစ်ပေါင်းများစွာ ထိုသခင်ကို စောင့်ဆိုင်းနေကြသော လူတို့သည် သူ့ကို သတိပြု မိကြပါသလား၊ သူ၏စကားများကိုနားထောင်လျက်လိုက်နာကြပါသလား။ ယောဟန်က ကိုယ်တော်ကို ကြိုဆိုဖို့ လူအများအသင့်ရှိကြရန်လိုကြောင်း သိထားသည့်အတွက် ယခုကဲ့သို့ အလေးပေးပြောကြားခဲ့ခြင်းဖြစ်သည်။

**“ဘုရားသခင်ကြွလာတော်မူမည့်လမ်းကို ပြင်ဆင်ကြလော့၊ ကိုယ်တော်၏လမ်းများကို ဖြောင့်တန်းစေကြလော့”**

အဆိုပါနှုတ်တော်ထွက်စကားများက ကျွန်ုပ်ကိုပြောနေပါသည်၊ အဘယ်ကြောင့်ဆိုသော်သခင်ယေရှုးသည် နေ့စဉ်နှင့်အမျှ ကြွလာရန်ရှိပါသည်။ ဗတ္တိဇံဆရာယောဟန်ခေတ်ကကဲ့သို့ပင် နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့အတွက် တံခါးကို ခေါက်လျက်ရှိသော်လည်း သူ့အားသတိပြုမိရန်မလွယ်ကူလှပေ။ သို့ဖြစ်၍ သူသည် လူအများမျှော်လင့်ထားသကဲ့သို့မဟုတ်ဘဲ မိမိကိုယ်ကိုယ် မထင်မရှားနာဇရက်မြို့လေးမှ နှိမ့်ချသောလက်သမားတစ်ဦးကဲ့သို့ ဖော်ပြခဲ့ပါသည်။ ယနေ့တွင် သူသည် ရွှေ့ပြောင်းသွားလာသူများအဖြစ်လည်းကောင်း၊ အလုပ်လက်မဲ့တစ်ဦးအဖြစ်လည်းကောင်း၊ အတန်းဖေါ်တစ်ဦးအဖြစ်လည်းကောင်း၊ ဆွေမျိုးများ၊ ဘုရားရှင်၏မျက်နှာတော်ကို မြင်ရလေ့

မရှိသူတစ်ဦးအားဖြင့်သော်လည်းကောင်း၊ ဖော်ပြနေပါသည်။ အမှန်အားဖြင့် ကိုယ်တော်ရှင်၏မျက်နှာတော်သည် ကွယ်ဝှက်လျက်ရှိပါသည်။ ကျွန်ုပ်တို့အားခွင့်လွှတ်ကြဖို့၊ ယုံကြည်မှုရှိဖို့နှင့် ရင်းနှီးချစ်ကြည်မှုရှိကြဖို့၊ သမ္မာကျမ်းစာတော်နှင့်မကိုက်ညီသောရွေးချယ်မှုများကိုငြင်းပယ်ဖို့ ကိုယ်တော်ရှင်၏ တိုးညှင်းစွာပြောကြားသံသည် မှုန်းတီးစေရန်၊ ပင်ကိုယ်အကျင့်စရိုက်သို့ပြန်သွားရန်၊ အကျင့်ပျက်ခြစားလာစေရန် ကျွန်ုပ်တို့အတွင်းမှ အသံများအောက်တွင် မကြားခဏ ဆိုသလိုတိမ်မြုပ်ပျောက်ကွယ်သွားလေ့ရှိပါသည်။

ယင်းကား ကျွန်ုပ်တို့၏နေ့စဉ်အသက်တာများအတွင်းသို့ ဘုရားသခင်ကြွလာရာလမ်းကြောင်းပေါ်တွင် နှောင့်နှေးစေသော ထူထပ်လှသည့်အဟန့်အတားများအားကို သွယ်ဝိုက်ကာတင်စားကာ သတိပေးနေခြင်းပင်ဖြစ်သည်။ ဘုရားသခင်ရှိနေတော်မူခြင်းကို မမြင်နိုင်သကဲ့သို့ အသံတော်ကိုလည်း မကြားနိုင်ဖြစ်စေသည့် ကောက်ကျစ်စင်းလဲမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ ကျွန်ုပ်တို့၏နှလုံးသားများတွင် ကိန်းအောင်းနေသော အပြစ်တို့ပင်ဖြစ်သည်။ ကျွန်ုပ်တို့တစ်ဦးချင်းစီသည် ရိုးသားခဲ့ပါလျှင်၊ ကျွန်ုပ်တို့အနေဖြင့် သခင်ယေရှုနှင့်တွေ့ဆုံရာလမ်း၊ သူ၏နှုတ်တော်ထွက်စကားနှင့်ထိတွေ့မှု၊ အခြားသူများနှင့် တွေ့ဆုံမှု၊ လူတိုင်းအားသခင်ယေရှုအဖြစ် ရှုမြင်နိုင်စေခြင်းတို့တွင် မည်သည့်အရာများက အဟန့်အတားများဖြစ်သည်ကို သိကြပါလိမ့်မည်။ သို့ဖြစ်၍ ယနေ့အသက်ပေးသည့်နှုတ်တော်ထွက်စကားမှ ဖိတ်ခေါ်ချက်ကား ကျွန်ုပ်အားတိုက်ရိုက်ပြောနေခြင်းပင်ဖြစ်တော့သည်။

**"ဘုရားသခင်ကြွလာတော်မူမည့်လမ်းကို ပြင်ဆင်ကြလော့၊ ကိုယ်တော်၏လမ်းများကို ဖြောင့်တန်းစေကြလော့"**

အခြားသူတို့အားပြစ်တင်ပြောဆိုခြင်း၊ သူတို့နှစ်စကားပြောဆိုမှုမပြုခြင်းတို့အစား နားလည်မှုပေးခြင်း၊ ချစ်ခြင်းမေတ္တာထားခြင်းနှင့် မိမိကိုယ်ကို တစ်ပါးသူတို့အတွက် ပေးဆက်စေခြင်းတို့အားဖြင့် ကျွန်ုပ်သည် စီရင်ခြင်းကို ဖြောင့်တန်းစေပါသည်။ မိတ်ဆွေတို့အပေါ်သစ္စာမဲ့မိစေသော၊ ယုတ်ရင်းကြမ်းတမ်းမိစေသော၊ လောကနီတိကိုလှည့်စားမိစေသော ကျွန်ုပ်၏မကောင်းသောအကျင့်တို့အစား တစ်စုံတစ်ယောက်နှင့် ကောင်းသောရင်းနှီးဆက်ဆံမှုကို ကွယ်ကာဖို့ဆိုလျှင် မျှတမှုမရှိသည့်တိုင် ပြောင်းလည်းခြင်းအားဖြင့်သော်လည်းကောင်း၊ မိမိနေထိုင်သောပတ်ဝန်းကျင်ရှိတစ်စုံတစ်ယောက်နှင့် ရင်းနှီးချစ်ကြည်မှုအတွက်ကြည်ဖြူစွာပေးဆက်ခြင်းဖြင့်လည်းကောင်း ကျွန်ုပ်ဖြောင့်တန်းစေပါသည်။

ယခုလအတွက်ကျွန်ုပ်တို့ထောက်ရှုစရာသည်ကား ခက်ခဲပြင်းထန်လှသော နှုတ်တော်ထွက်စကားပင်ဖြစ်သည်။ သို့သော် ယင်းကားလွတ်မြောက်ရာစကားလည်းဖြစ်သည်။ ကျွန်ုပ်၏အသက်တာကို ပြောင်းလဲစေယုံသာမက၊ သခင်ယေရှုနှင့် ဆုံတွေ့စေရန်လမ်းဖွင့်ပေးသည်ဖြစ်၍ ထိုသူသည်ကား ကျွန်ုပ်ထံတွင်ကိန်းဝပ်နိုင်မည်ဖြစ်၍ သခင်ယေရှုသည်လည်း ကျွန်ုပ်တို့အတွင်းဝယ် ချစ်ခြင်းမေတ္တာတော်ကို ဆောင်ကြဉ်းနိုင်ပေမည်။

ဤအသက်ပေးသည့်နှုတ်တော်ထွက်စကားသည် အသက်ရှင်ခဲ့ပါလျှင် ကျွန်ုပ်တို့သည် ပို၍ပင်စွမ်းဆောင်နိုင်ပေမည်။ ယင်းက သခင်ယေရှုအား ကျွန်ုပ်တို့အချင်းချင်း၊ ခရစ်ယာန်အသိုင်းအဝိုင်းများ၊ မိသားစုများ၊ တက်ကြွလှုပ်ရှားလျက်ရှိသောအုပ်စုအဖွဲ့များအလယ်တွင် မွေးဖွားလာစေနိုင်ပါသည်။ ဘုရားသခင်သည်ကြွဆင်းလာတော်

မူပြီး လူတို့အလယ်တွင်စံပယ်တော်မူမည်အကြောင်း (ယောဟန်၁း၄း၁၄တွင်ရှု) ရှင်ယောဟန်က လူသားတိုင်းအတွက် ပြောကြားခဲ့ခြင်းဖြစ်၏။

ထို့အတွက်ကြောင့်လည်း ကျွန်ုပ်တို့၏ပေါင်းသင်းဆက်ဆံရေးလမ်းစများကို ဖြောင့်တန်းစေရန် အချင်းချင်းယိုင်းပင်းကူညီကြသည်။ အချင်းချင်းအကြားတည်ရှိနေသောအနှောင့်အယှက်နားလည်မှုလွဲမှားခြင်းများမျိုးကိုမဆိုပယ်ရှားလျက် ကျွန်ုပ်တို့အား ခံယူထားရှိဖို့တောင်းဆိုနေသော ကရုဏာမေတ္တာ၌ အသက်ရှင်နေထိုင်သွားကြရပါမည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ကို ကြိုဆိုလက်ခံနိုင်သော အိမ်ထောင်မိသားစုဖြစ်လာကြပေမည်။

ဤသည်ကားခရစ္စမတ်ပေတည်း။ သခင်ယေဇူးသည် ဖြောင့်ဖြူးသောလမ်းမကြီးကိုရှာဖွေတွေ့ရှိခြင်းဖြင့် ကျွန်ုပ်တို့အလယ်တွင် ကိန်းဝပ်တည်နေတော်မူပါလိမ့်မည်။

*Fabio Ciardi*